ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

(၁၁)ရက်မြောက်နေ့ အစည်းအဝေး အကျဉ်းချုပ်

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

(၂၀၁၈ ခုနှစ်၊ ဇွန်လ ၄ ရက်)

[တနလာနေ့]

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ရှမ်းပြည်နယ်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန် - ဖာကျွတ် - လွယ်လင်လျှံ - ပန်လုံ မြေသားလမ်းကို ကတ္တရာလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် က ဟိုပန် - ဖာကျွတ် - လွယ်လင်လျှံ - ပန်လုံလမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ စီမံခန့်ခွဲသောလမ်းဖြစ်၍ အချို့လမ်းများကို ကတ္တရာလမ်းများအဖြစ်ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာစဉ်တစ်လျှောက်ကျန်ရှိနေသော လမ်းပိုင်းများအနက် (၁)မိုင်(၀.၃)ဖာလုံအား အဆင့်မြှင့်တင်ရန် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်(၁၂)လရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန်ရှိသည့် လမ်းပိုင်းများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

(ခ) ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်းရှိ ဆူရ်ခွား - ဒွမ်ဗား - ဖာဟော ရွာချင်းဆက်ကားလမ်း ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် က ဆူရ်ခွား - ဒွမ်ဗား - ဖာဟော လမ်းသည် စုစုပေါင်းလမ်းအရှည်(၂၈)မိုင်ရှိပြီး နယ်မြေခွဲဝေသတ်မှတ်ချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာနပိုင် နယ်မြေဖြစ်၍ အဆိုပါလမ်းအား လမ်းအဆင့်မြှင့် တင်ရန်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့၏ မေတ္တာရပ်ခံချက်အရ ဆောက်လုပ် ရေး ဝန်ကြီးဌာနမှ (၁၄)မိုင်အား ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ကျန်(၁၄)မိုင်အား ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ (၂၄)ပေ အကျယ် မြေသားလမ်းဖောက်လုပ်နိုင်ရေးအတွက် ချင်းပြည်နယ်အစိုးရ အဖွဲ့ရန်ပုံငွေတွင် ထည့်သွင်း

လျာထားရန် လုပ်ငန်းစီမံချက်ရေးဆွဲပေးပို့ထားပြီး လုပ်ငန်းစီမံချက်တွင် ဖော်ပြထားသော ဘဏ္ဍာရေးနှစ်များထက် ပိုမိုစောနိုင်သမျှစော၍ ရန်ပုံငွေထည့်သွင်းလျာထားနိုင်ရေးအတွက် ချင်းပြည်နယ်အစိုးရ အဖွဲ့နှင့်ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

(ဂ) ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းပြဲမြို့နယ်အတွင်းရှိ ပင်မလမ်းမကြီးများ၌ လိုအပ်သည့် လမ်းပိုင်းများတွင် လမ်းအဆင့်မြှင့်တင်ရန် ပြည်ထောင်စုနှင့်ပြည်နယ် ရန်ပုံငွေနှစ်ရပ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်အားဖြည့် ပူးပေါင်းလုပ်ဆောင်ပေးရန်** အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် က ရမ်းပြဲမြို့နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် (၁၈)ပေအကျယ် ကွန်ကရစ်လမ်း(၂)မိုင်(၄)ဖာလုံ မြေသားတာဘောင်မြှင့်တင်၍ ဒု-အခြေခံလွှာခင်းခြင်း (၃)မိုင်(၁)ဖာလုံ ပေ(၅၀)နှင့် အထက်သံကူကွန်ကရစ်တံတား(၂)စင်း တည်ဆောက်ခြင်း စသည့်လုပ်ငန်းများဆောင်ရွက်နိုင်ရန် ပြည်နယ်ရန်ပုံငွေဖြင့်လည်းကောင်း၊ ကင်းချောင်းတံတားတည်ဆောက်ခြင်းကို ပြည်ထောင်စုရန်ပုံငွေသို့ တင်ပြတောင်းခံထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

(ဃ) ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မင်းဂံရပ်ကွက်ကြီးတွင် မုန်တိုင်းကြောင့် ပျက်စီးနေသော မင်းဂံခန်းမကို ပြန်လည်ပြုပြင်တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း က မင်းဂံခန်းမဟောင်း မြေနေရာအား အစိုးရအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ရပ်ကွက်နေပြည်သူများရေရှရှိရေးလုပ်ငန်းတွင် ရေစက်ရုံ၊ ရေလှောင်ကန်များ တည်ဆောက်ပေးနိုင်ရန်အတွက် JICA မှ မြေနေရာသုံးပုံတစ်ပုံခန့် မင်းဂံရေပေးရေးအတွက် အသုံးပြုမည်ဖြစ်ပြီး ကျန်မြေနေရာအား ရပ်ကွက်နေပြည်သူလူထုမှတင်ပြသည့် မင်းဂံခန်းမ တည်ဆောက်ခွင့် ရရှိနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်ထည့်သွင်းရေးဆွဲပြီး ရန်ပုံငွေခွဲဝေရရှိပါက ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

(င) ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာမြို့၊ ကျောက္ကာလမ်း(သံလမ်းကူး)၏ တောင်ဘက်ကပ်လျက် အမှတ်(၂) ပြည်ထောင်စုလမ်းမကြီး (အများသွားလာရန်လမ်း)ပေါ်နှင့်အထက်မှ ပင်မလျှပ်စစ်ကြိုးကြီး တည့်တည့်အောက်၌ ကျူးကျော်ဆောက်လုပ် နေထိုင်အသုံးပြုနေသော ယခင်ကစစ်ပြန်ကြီး စောဘလင်း ထန်းရည်ဆိုင်၊ ယခုအရက်ဆိုင်နှင့် ဌားရမ်းထားသော ဆိုင်ခန်း(၄)ခန်းတို့အား ဖယ်ရှားရန် ခေတ်အဆက်ဆက် အကြောင်းကြားစာများ ထုတ်ဆင့်ခဲ့သော်လည်း လက်တွေ့ဖယ်ရှားခဲ့ခြင်းမရှိဘဲ အစိုးရအဆက်ဆက် လျစ်လျူရှုနေခဲ့သဖြင့် အခြားစျေးသည်များမှ ၄င်းနည်းအတိုင်း ကျူးကျော်ဆောက်လုပ်ရန် ပြင်ဆင်နေပါသောကြောင့် အဆိုပါကျူးကျော်အဆောက်အအုံကို ယခုအစိုးရ**

လက်ထက်၌ အပြီးအပြတ်ဖယ်ရှားရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း က မုံရွာမြို့နယ်စည်ပင်သာယာရေး ကော်မတီမှ တရားလိုပြုလုပ် တရားစွဲဆိုခဲ့သော်လည်း စစ်ပြန်ကြီးစောဘလင်းနှင့် ဌားရမ်းထားသော ဆိုင်ခန်း(၄)ခန်းသည် မြေပေါ်တွင် ကျူးကျော် ဆောက်လုပ်ထားခြင်း မဟုတ်ဘဲ မီးရထားမြေပေါ်တွင် ဆောက်လုပ်ထားကြောင်းပေါ်ပေါက်သဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ -၂၄၅(၁)အရ အမှုမှ အပြီးအပြတ်လွှတ်မြောက်ခဲ့ပြီး အဆိုပါ ကျူးကျော် အဆောက်အဦးများတည်ရှိသည့် မြေနေရာသည် မီးရထားနယ်မြေ ဖြစ်သည့် စီမံကိန်းနယ်မြေအတွင်း ကျရောက်နေသည့်အတွက် မြန်မာ့မီးရထားမြေပေါ်တွင် အဆောက်အဦ ဆောက်လုပ်နေထိုင်မှုအပေါ် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ရန် ညွှန်ကြားခဲ့ရာ မြန်မာ့မီးရထား အင်ဂျင်နီယာမှူး(မြို့ပြရုံး) တိုင်းအမှတ် (၂) ရွာထောင်မှ ကျူးကျော် ဖယ်ရှား ရှင်းလင်းနိုင်ရေးအတွက် Notic စာထုတ်ပြန်ဆောင်ရွက်နိုင်ရေး တိုင်းတာဝန်ခံ (တိုင်း-၂) ရွာထောင်သို့ ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ပါကြောင်း ဖြေကြားသည်။

(စ) ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကုံ့ကော်ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးရုံး နှင့် ကပ်နေသည့် စိန်ပန်းလမ်းနှင့်ကုံ့ကော်ရပ်ကွက် လမ်းမကြီးပေါ်တွင်ကျူးကျော်၍ ဆောက်လုပ်တည်ခင်းရောင်းချနေသည့် ဆိုင်ခန်းပေါင်း(၄၀)ခန့်နှင့်ပတ်သက်၍ မည်သို့စီမံဆောင်ရွက်ထားပြီး ကျိုက်ထိုမြို့၏ မူလစျေးဟောင်း မြို့မစျေးနှင့်ပတ်သက်၍ မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း က ကုံ့ကော်ရပ်ကွက် စိန်းပန်းလမ်းရှိ လမ်းမကြီးပေါ်တွင် ကျူးကျော်ဆောက်လုပ်ရောင်းချနေသော ပုံကျစျေးဆိုင်ခန်းများအား ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း ကျိုက်ထိုမြို့ ၊ မြို့မစျေးအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးပါက မူလလမ်းမကြီးမှ ဖယ်ရှားရှင်းလင်း၍ မြို့မစျေးကြီးအတွင်းသို့ ရွှေ့ပြောင်းနေရာချထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေ များကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာခြင်းအား အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာသည်။

၄။ အစည်းအဝေးကို ၁၀း၄၈ နာရီအချိန်တွင် ရပ်နားပြီး (၁၂)ရက်မြောက်နေ့ အစည်းအဝေးကို ၆-၆-၂၀၁၈ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော်